
တစ်ဖက်ကမ်းမှ
ပန်းချီကား
တစ်ချပ်
သကော်တာမရှိတဲ့
သုညတစ်လုံးအကြောင်း
အကျွရာမဲ့ဘာသာတစ်မျိုးနဲ့
မှတ်တမ်းတင်ထားလိုက်ချင်တယ် ...
ဘဂဆိုတာ
ကိုယ်ပိုင်နာမ်မဟုတ်ကြောင်း
မြန်မာသဒ္ဒါမှာပါမှသိရမတဲ့လား ...
ဝင်းသရ

သူ့ကိုယ်သူ မပူသည့်အတိုင်း နေမင်းကတော့ လူတစ်ဖက်သားကို အသားလွတ်ကြီး ဒုက္ခပေးနေလေပြီ။ အပူဒဏ် သက်သာရန်အတွက် လူရွှင်တော် စမူဆာတစ်ယောက် သူ၏ အိမ်ရှေ့မှ သရက်ပင်အောက်ရှိ ကွပ်ပျစ်တွင် ထိုင်လျက် ရေနွေးကြမ်းသောက်ရင်း ဆေးပေါ့လိပ်ဖွာကာ တောင်ရောက် မြောက်ရောက် စဉ်းစားခန်း ဖွင့်နေလေသည် ။ ထိုစဉ်...

`ကိုစမူဆာရေ... ကျွန်တော်တို့ တော့ မနက်ဖြန် ထမင်းစားရပြီဗျို့ ´

`ငါက အခု ငတ်နေလို့ လားဟ ´

စမူဆာက သူ၏ တွဲဖက် လူရွှင်တော်ဖြစ်သော နံပြားအမည်ရှိလူကို အားလပ်ချိန် ဖျက်ဆီးသည့် ပုဒ်မနှင့် ဘုတောတော လိုက်လေသည် ။

` မဟုတ်ဘူး လေဗျာ ... ပွဲကရပြီလို့ ပြောတာ...´

`ဟေ... ဟုတ်လား... ဘယ်မှာ လဲဟ ´

`ကိုစမူဆာရယ်... မြန်မာတစ်နိုင်ငံလုံးမှာ နှစ်လုံးထိ စကားနဲ့ ပြောရင် Rထားတဲ့ မြို့နှစ်မြို့ပဲ ရှိတယ်လေဗျာ...´

`ဘာမြို့တွေတုန်းဟ...´

`ညောင်ရွှေနဲ့ ရွှေညောင်လေဗျာ

`အင်း... ရှမ်းပြည် အငွေ့အသက်လေး ဘာလေး ရတာပေါ့ဗျာ... ဒါဖြင့် ညောင်ရွှေမှာ ကရမှာ လား...´

` မဟုတ်ဘူး ဗျ...´

`ဩော်... ဒါဆို ရွှေညောင်ပေါ့...

`ဘယ်ကလာ... ကျုံလွမ်းရွာမှာ ´

`နင့်မေကလွှား... ဘာဆိုင်လို့ လဲဟ...´

`ဟဲဟဲ... စတာပါဗျာ... အဲဒါပြင်ဆင်စရာရှိတာ ပြင်ထားဖို့ ဇာတ်ဆရာက မှာ ခိုင်းလိုက်လို့ ဗျ... ဒါနဲ့ ... ကျုံလွမ်းရွာ ဖြစ်လာတာလည်း အထူးအဆန်းဆိုပဲ´

`ဟုတ်လား... ပြောပါဦး... အဲဒါမျိုးတွေ စိတ်ဝင်စားတယ်လေ´

`ဒီလိုဗျ... အဲဒီရွာကို တည်ခါစက ရွာရဲ့ တောင်ဘက်မှာ မန်ကျည်းပင် အကြီးကြီး ရှိတယ်တဲ့ ´

`အင်း... စိတ်ဝင်စားဖို့ တော့ ကောင်းပြီ...´

`ရွာရဲ့ မြောက်ဘက်မှာ ကျတော့ ကုက္ကိုပင်ကြီး တစ်ပင် ရှိတယ်ဆိုပဲ ´

`အင်းပေါ့´

`အဲဒီမန်ကျည်းပင်နဲ့ ကုက္ကိုပင်ကို အစွဲပြုပြီးတော့ ကျုံလွမ်းရွာဆိုပြီး နာမည်ပေးခဲ့တာလေ´

`ဘာဆိုင်လဲဟ´

`ဟီးဟီး မသိဘူးလေဗျာ... ဆိုင်များ ဆိုင်မလားလို့ ... ဒါနဲ့ နေပါဦး... ခုနခင်ဗျားပုံစံက တစ်ခုခုကို လေးလေးနက်နက် တွေးနေသလိုပဲ... ဘာတွေတွေးနေတာတုန်း´

`ဩော်... ဒီလိုပါပဲ ကိုနံပြားရယ်... ဒီတစ်ခေါက် ပွဲနားရင်တော့ သားလေးကို ရှင်ပြုဖို့ အတွက်နဲ့ သမီးလေး ကျောင်းတက်ဖို့ အတွက် ပိုက်ဆံ

ရှိနေမှ ဖြစ်မယ်လေ… အဲဒါတွေးနေတာ…´

`အင်း… ကျွန်တော်တို့ ဘဝကလည်း မလွယ်ပါဘူးဗျာ… ရတာလေးကို အလှူလုပ်ဖို့ တွေးနိုင်တဲ့ ကိုစမူဆာအတွက် ဂုဏ်ယူပါတယ်ဗျာ… ရတုန်းရခိုက်လေး ကုသိုလ်ယူရမှာ ဗျ… လူဖြစ်ဖို့ ဆိုတာ လွယ်တာမှ မဟုတ်ဘဲ…´

`ဟုတ်ပဗျာ´

`လှူ့ဘဝဆိုတာ ဘယ်လောက်ရခဲလဲ´

`အင်း´

`သုံးဆယ့်တစ်ဘုံကို ကြည့်လိုက်… လူ့ပြည်ပဲ အရက်ရတာဗျ…´

`ဟာ… ဒီလူတော့… ကဲ… သွားပါတော့ဗျာ… ကျွန်တော် ပြင်စရာရှိတာ ပြင်ထားလိုက်မယ်…´

`ဟားဟားဟား… ကဲသွားပြီဗျို့…´

ကိုနံပြား ထွက်သွားပြီးနောက် ကိုစမူဆာလည်း မတွေးအားတော့ပါ။ ပြင်ဆင်စရာ ရှိသည် များကို ပြင်ဆင်ရန် အလုပ်ရှုပ် နေတော့သည်။

***